## အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

၁။ လျှောက်ထားသူ ကာယကံရှင်မှ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီး ဌာနသို့ လျှောက်ထားရာတွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မှတ်ပုံတင်ကဒ်ပြား(ပုံစံ-၂)မူရင်း၊

(ခ) လျှောက်လွှာပုံစံ(၁) (၃)စုံ၊ (ဤရုံးတွင်ဝယ်ယူရမည်။) (လုပ်ငန်းမှတ်ပုံတင် (၄)နှစ် ပြည့်ချိန် ဒုတိယအကြိမ် သက်တမ်းတိုးခြင်းမှ စတင်၍)

(ဂ) လိုင်စင်ဓါတ်ပုံ (၃)ပုံ၊ (လုပ်ငန်းမှတ်ပုံတင်(၄)နှစ်ပြည့်ချိန် ဒုတိယအကြိမ် သက်တမ်းတိုးခြင်းမှ စတင်၍)

(ဃ) နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ(၃)စောင်၊ (လုပ်ငန်းမှတ်ပုံတင် (၄)နှစ်ပြည့်ချိန် ဒုတိယအကြိမ် သက်တမ်းတိုးခြင်းမှစတင်၍)

(င) လူသုံးကုန်၊ အလှကုန်နှင့် စားသောက်ကုန်လုပ်ငန်းအတွက် လျှောက်ထားခြင်း ဖြစ်လျှင် ဓါတ်ခွဲစမ်းသပ်မှုရလဒ်များ၊ (ဤရုံးတွင် ဓါတု၊ အဏုဇီဝ ဓါတ်ခွဲ စမ်းသပ်ပေးမည်ဖြစ် ပါသည်။)

(စ) တိုင်းရင်းဆေးဝါးဖြစ်ပါ သက်ဆိုင်ရာ တိုင်းရင်းဆေးပညာဦးစီးဌာနက ထုတ်ပေးသော လိုင်စင်နှင့်မှတ်ပုံတင်အမှတ် (မိတ္တူ)။

၂။ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မှတ်ပုံတင်ကဒ်ပြား (ပုံစံ-၂) မှန်ကန်မှု ရှိ/မရှိနှင့် သတ်မှတ်ရက်စွဲများအား စိစစ် ရမည်။

(ခ) ဓါတ်ခွဲစစ်ဆေးမှုလိုအပ်ပါက ဓါတ်ခွဲစစ်ဆေးမှု အဖြေများရယူရမည်။

(ဂ) မှန်ကန်မှုရှိပါက တိုင်းဒေသကြီးဦးစီးမှူးမှ စိစစ်သက်တမ်းတိုးပေးရမည်။

(ဃ) မှတ်ပုံတင်သက်တမ်း (၄)နှစ် ပြည့်၍ ဒုတိယအကြိမ် သက်တမ်းတိုးခြင်းမှ စတင်၍ လုပ်ငန်းအား ကွင်းဆင်းကြည့်ရှုရမည်။